mgyoe.com



လက်တန်းစပ်ဆိုနိုင်သောဂီတစာဆို

# နန်းတော်ရှေ့ဆရာတင်

ဇာတ်ညွှန်း - ဝေသာ

သရုပ်ဖော် - မင်းနိုင်

အခြေခံမိတ်ဆက်စာစဉ်

အတ္ထုပ္ပတ္တိ

mgyoe.com

mgyoe.com

ကလေးလူငယ်များအတွက်နှင့်
စာဖတ်ကျင့်ရရှိရေး ရည်ရွယ်စီစဉ်သော
အခြေခံမိတ်ဆက်စာစဉ် (အတ္ထုပ္ပတ္တိ)

ISBN9789997117434
BBB7
9 789997 117434
1,000.00KS

မျက်နှာဖုံးပန်းချီ - ကိုကိုနိုင်

mgyoe.com

လက်တန်းစပ်ဆိုနိုင်သော ဂီတစာဆို နန်းတော်ရှေ့ဆရာတင်၊ ဝေသာနှင့် မင်းနိုင်
တချက်မှာ ၄၂ မျက်နှာ၊ ၁၄ • ၅ စင်တီ× ၂၀ • ၇ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ဂ၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဇွန်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

အခြေခံမိတ်ဆက်စာစဉ်

# လက်တန်းစပ်ဆိုနိုင်သော
# ဂီတစာဆို
# နန်းတော်ရှေ့ဆရာတင်

ဝေသာ ဇာတ်ညွှန်းရေး၍
မင်းနိုင် သရုပ်ဖော်သည်


ပထမအကြိမ်၊ ၂၀၁၉

mgyoe.com

mgyoe.com

* စာဖတ်တတ်ခါစ ကလေးသူငယ်များ၊ လေ့လာသူ လူငယ် လူရွယ်လေးများ၊ မြန်မာစာ စတင်သင်ယူသူများ… အစ ရှိသဖြင့် ဖတ်ရှုနိုင်ရန် စီစဉ်သော စိတ်ကူးချိုချို၏ အခြေခံ မိတ်ဆက်စာစဉ်များ ဖြစ်ပါသည်။
* ဤအစီအစဉ်များတွင် အရုပ်နှင့် အရောင်များသော အစဉ်အလာ မြန်မာပုံပြင်များ၊ ထင်ရှားသော မြန်မာလူမျိုး ပုဂ္ဂိုလ်များ၏ ဘဝထုပ္ပတ်အကျဉ်းများ၊ လေ့လာမှတ်သား ဖွယ် မြန်မာစာပေမိတ်ဆက်များ ပါဝင်ထွက်ရှိသွားမည် ဖြစ်ပါသည်။

mgyoe.com



[ ၁ ]

မန္တလေးမြောက်ဘက်၌ မင်းဂံဘုတ်ရွာဆိုသော ရွာငယ်လေးတစ်ခု ရှိသည်။ ထိုရွာလေး၌ ထန်းရည် အလွန်ကောင်းသော ထန်းတောရှိလေသည်။ ထိုထန်းတောမှာ မြန်မာဘုရင်များလက်ထက်ကတည်းက အိမ်ရှေ့မင်းသားက အပိုင်စားထားသော ထန်းတော ဖြစ်လေသည်။



mgyoe.com



မန္တလေးမြို့ပေါ်မှ ကာလသားများလည်း လာသောက်ကြသည်။ ထိုသို့ လာသောက်ကြသူများထဲ၌ ထူးထူးခြားခြား လူရွယ်တစ်ယောက်ကို တွေ့လိုက်ရသည်။



mgyoe.com



ထိုလူရွယ်မှာ မန္တလေးမှ ဝယ်လာသော ပဲကြီးလှော်များကို ထန်းတောရှေ့ရှိ စိမ်းစိုနေသော မြက်ခင်းပြင်ပေါ်သို့ ဖြန့်ကြဲလိုက်သည်။

ထို့နောက် ပလုံစီပြီး ငှက်ခါးတောင် အရောင်ထွက်နေသော ထန်းရည်အိုး သုံးလေးအိုးကို အစီအရီ ချလိုက်ပြီး ကတ္တီပါမြက်ခင်းပြင်ပေါ်၌ လှဲချလိုက်၏။

ပဲကြီးလှော်တစ်စေ့ကို လူးလှိမ့်၍ ကောက်စားလိုက်သည်။ တစ်ဖန် လူးလှိမ့်ကာ ထန်းရည်ကို သောက်လိုက်၏။



mgyoe.com




တစ်ဖန် ထန်းရည်ပလုံပလုံကို သောက်လိုက်၊ မြက်ခင်းပြင်ပေါ်၌ တစ်ဖန်လှိမ့်၍ ပဲကြီးလှော်များကို ကောက်စားပြန်သည်။

ထိုလူရွယ်မှာ လွတ်လပ်စွာ ဖိမ်ကျနေစဉ် မမျှော်လင့်သော မိုးစက် မိုးပေါက်များ ကျလာခဲ့သည်။



mgyoe.com

F 2B



နေ့တိုင်း ထိုကဲ့သို့ ဖိမ်ခံနေသော ထိုလူရွှယ်မှာ ယနေ့ မိုးသည်းသည်းနှင့် ကြုံလိုက်ရသည်။ သို့သော် လဲလျောင်းနေရာမှ မထ၊ ထန်းရည်လည်း မူးနေပုံရ၏။

ထိုအခိုက် လုံမပျိုလေးတစ်ယောက်မှာ သူမ၏ ရှန်တဘက်ကလေးခြုံကာ ကင်ပွန်းချုံကွယ်၌ မလုံ့တလုံ မိုးခိုနေသည်ကို ထိုလူရွှယ် တွေ့လိုက်ရသည်။



mgyoe.com





mgyoe.com

mgyoe.com

ရိဝေနေသော မျက်လုံးဖြင့် ကြည့်ပြီး-

"ဩော် ... ဒါ မင်းဂံဘုတ်ရှာသူလေး ဖြစ်ရမယ်။ အသားလေးက ဝင်းလို့... လှပပါရဲ့ဗျာ... ချောပါရဲ့ဗျာ... ရေစိုလို့ ဆံပင်တွေ ဖြန့်လို့..."

ထို မင်းကန်ဘုတ်ရှာသူလေးကို ကြည့်ပြီး ထိုလူရွယ်မှာ ချက်ချင်း ပင် သီချင်းစပ်၍ နှုတ်မှ သီဆိုလေတော့သည်။


*× × × ပိတုန်းရောင်ကေသာ × × × ဖြန့်လိုက်ရင် × × × တစ်ကိုယ်လုံး × × × ဝေဝေဖြာဖြာလွှင်လွှင် × × × မင်းဂံဘုတ်ရှာသူများ × × × အသားတော်ဝင်း ဝင်းလို့ × × × ဝါဝါရီရွှင် ကြည်ကြည်လင်လင် × × ×*

ထို့နောက် -

*× × × ရေကြည်သောက်ရင် × × × မြင်ရမလောက်ပင် × × × လည်တိုင်သေးပြီး ဘေးကြည့်က သာလို့ယဉ်× × ×*



mgyoe.com



mgyoe.com

mgyoe.com

ထို့နောက် ရှမ်းရိုးမတောင်တန်းများဆီသို့ ကြည့်ကာ ထန်းရည်မော့သောက်ပြီး–

*× × × ဟိုတောင်ပေါ်ရိုးဆီက × × × မြူခိုးတွေလွှင် × × × မိုးရွာမယ်မထင်မိပါလို့ × × × ပါလာသည့် ရှန်တဘက်ကလေး ခေါင်းပေါ်တင်မိရင်ပဲ × × × သဲသဲမဲမဲ ရွာပြန်တော့ × × × ခမျာလေး × × × ကင်ပွန်း ချုံဆွယ်နဘေးမှ × × × ပြေးကာဝင်သွားရှာသည် × × × မင်းဂံဘုတ်ရွာသူများ × × × အသားတော်ဝင်း ဝင်းလို့ × × × ဝါဝါရီရွှင် ကြည်ကြည်လင်လင် × × ×*



mgyoe.com





mgyoe.com

mgyoe.com

ထိုသီချင်းမှာ ထိုလူရွယ်၏ နှုတ်မှ ဗလုံးဗထွေး ထွက်လာသော သီချင်း ဖြစ်သည်။

ထိုသီချင်းမှာ ယနေ့ထက်တိုင် ကျော်ကြားနေဆဲ သီချင်းတစ်ပုဒ် ဖြစ်ခဲ့သည်။ ဂန္ထဝင်သီချင်းဟု ဆိုလည်း မမှားပေ။ ခေတ်အဆက်ဆက် အဆိုတော်များ ဆိုခဲ့သည်။ နောက်ဆုံး ကိုအံ့ကြီး သီဆိုခဲ့သည်။

ထိုသီချင်းကို ထန်းရည်မူးပြီး လက်တန်းရေးစပ် သီဆိုခဲ့သော ပုဂ္ဂိုလ်မှာ နောင်တွင် ဂန္ထဝင်တေးပြုပုဂ္ဂိုလ် နန်းတော်ရှေ့ဆရာတင်ပင် ဖြစ်လေတော့သည်။



mgyoe.com




[ ၂ ]

နန်းတော်ရှေ့ဆရာတင်အား မြန်မာသက္ကရာဇ် ၁၂၅၆ ခုနှစ်၌ မွေးဖွားသည်။

ဖခင် ဦးမှန်၊ အမိ ဒေါ်မမ ဆိုသူတို့ဖြစ်၏။ ဖခင် ဦးမှန်မှာ မြန်မာနောက်ဆုံးဘုရင်၏ မင်းမှုထမ်းတစ်ဦးဖြစ်ခဲ့သည်။ တောင်တွင်းကြီးမြို့ တောင်ဘက် လယ်တောကင်းကို အပိုင်စားသနားတော်ခံခဲ့ရသည်။ ထို အချိန်က နန်းတော်ရှေ့ဆရာတင်ကို မမွေးသေးချေ။

mgyoe.com



၁၂၄၇ ခုနှစ်၊ မြန်မာဘုရင် သီပေါမင်းအား အင်္ဂလိပ်တို့ အိန္ဒိယနိုင်ငံသို့ ဖမ်းဆီးခေါ်ဆောင်သွားစဉ် တိုင်းပြည်မှာလည်း ဖရိုဖရဲ ဖြစ်ခဲ့ရသည်။

ထိုအခါ ဘုရင့် ဘဏ္ဍာစား ဦးမှန်မှာ ဇနီးသည်နှင့်အတူ ရန်ကုန်သို့ ထွက်ပြေးကြ၏။



mgyoe.com





mgyoe.com

mgyoe.com


ကြည့်မြင်တိုင်၊ ထီးတန်းရပ်တွင် မထင်မရှားသော အသွင်ဖြင့် နေထိုင်ကြသည်။ မကြာမီ သမီးတစ်ယောက်၊ သားတစ်ယောက် မွေးဖွားခဲ့သည်။

သမီးကြီးက မခင်ပု။ သက္ကရာဇ် ၁၂၅၆ ခုနှစ်၌ မောင်တင်ဆိုသော သားတစ်ယောက်ကို ထပ်မံမွေးဖွားခဲ့သည်။

ထိုသားမှာ နောင်အခါ နာမည်ကြီး နန်းတော်ရှေ့ဆရာတင် ဖြစ်လာမည့်သူပင် ဖြစ်၏။



mgyoe.com





mgyoe.com


mgyoe.com

မြို့စာရေး ဦးမှန်တွင် မြန်မာစာပေလောက၌ ထင်ရှားခဲ့သော ညီ တစ်ယောက်ရှိသည်။ သူ့အမည်မှာ ဦးကြီး ဖြစ်သည်။ ဝန်စာရေးဦးကြီး ဖြစ်၏။

ဦးကြီး ရေးသားခဲ့သည့် ချဉ်ပေါင်ရွက်သည် မောင်မှိုင်း ဝတ္ထု၊ စကား တောင်စားဝတ္ထုတို့မှာ ယနေ့အထိ ထင်ပေါ်ကျော်ကြားနေဆဲ၊ မြန်မာ စာပေသမိုင်း၏ ထိန်းသိမ်းထားနေဆဲ ဝတ္ထုကောင်းများလည်း ဖြစ်သည်။



mgyoe.com



mgyoe.com



mgyoe.com

mgyoe.com

တိုင်းပြည်အေးချမ်းသွားသောအခါ ဦးမှန်တို့ မိသားစုမှာ မန္တလေးမြို့ကြီးသို့ ပြန်တက်လာခဲ့သည်။

ဆရာတင်(ခေါ်) မောင်တင်မှာ မန္တလေး ရွှေမြို့တော်ကြီးသို့ ပြန်ရောက်လာသောအခါ လူငယ်သဘာဝ ရန်ကုန်မြို့နှင့် မခြားသော မန္တလေးမြို့ကြီးကို သဘောကျသွားမိသည်။

အထူးသဘောကျမိသည်က မန္တလေးမြို့က လမ်းတိုင်းလမ်းတိုင်း အဆက်မပြတ်ဆိုသလို ရုပ်သေးပွဲ၊ မြေဝိုင်းပွဲ၊ အငြိမ့်ပွဲများ ကျင်းပနေခြင်းပင် ဖြစ်သည်။



mgyoe.com